# ကျေးလက်ကျန်းမာရေးဌာနခွဲ မြွေကိုက်လူနာပြုစုကုသနည်းလမ်းညွှန်

မြွေဆိပ်အပြင်းအထန်ပျံ့နှံ့နေသည့်လက္ခဏာများ
- သွေးလန့်ခြင်း
- ခန္ဓာကိုယ်အတွင်းသွေးယိုစိမ့်မှုပြင်းထန်ခြင်း
  (အတွင်းအင်္ဂါများ၌သွေးယိုခြင်း၊ သွေးအန်ခြင်း၊ သွေးဝမ်းအမည်းရောင်သွားခြင်း၊ မြွေကိုက်သည့်နေရာနှင့် ထိခိုက်ဒဏ်ရာရရှိသောနေရာများမှ အလွန်အမင်းသွေးထွက်ခြင်း၊ သွေးမတိတ်ခြင်း၊)
- ပျော့ခွေမူးလဲခြင်း

ကျေးလက်ကျန်းမာရေးဌာနသို့ရောက်လျှင်

↓

ရှေးဦးသူနာပြုစုနည်းဖြင့်ကုသပါ

↓

အနီးဆုံးဆေးရုံသို့ပို့ပါ

↓

မပို့မီ အရေးပေါ်အခြေအနေကိုပြုစုကုသပါ

မြွေဆိပ်ဖြေဆေးအရေအတွက်သည် လူကြီး / ကလေးအတွက် အတူတူဖြစ်သည်။ မြွေအကြီးအသေးပေါ်တွင် မူမတည်ပါ။

↓

မြွေအမျိုးအစားခွဲခြား၍ရနိုင်ပါသလား။

## မြွေပါလာသည်။ မြွေအမျိုးအစားခွဲခြား၍ရပါသည်။

### မြွေပွေး



- 20 WBCT သွေးခဲ/မခဲ စစ်ပါ။
- အောက်ပါအဆိပ်ပျံ့လက္ခဏာများကိုကြည့်ပါ။
  ၁။ ရုတ်တရက် သတိလစ်ခြင်း
  ၂။ ဆီးနည်းခြင်း/ဆီးမသွားခြင်း
  ၃။ အကိုက်ခံရသည့် နေရာရောင်ရမ်းခြင်း
  ၄။ ချိုင်းကြား၊ ပေါင်ကြားတွင် အကျိတ်ထွက်ခြင်း

- သွေးခဲသည်။ အဆိပ်ပျံ့လက္ခဏာမရှိပါ။ → (အောက်ဆုံးအကွက်သို့)
- သွေးခဲသော်လည်း အဆိပ်ပျံ့လက္ခဏာရှိသည်။
- သွေးမခဲပါ။ (အဆိပ်ပျံ့လက္ခဏာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ)

RHC တွင် ကုသမှုစတင်မည်
- မြွေပွေးမြွေဆိပ်ဖြေဆေးပေးမည်။
- အနည်းဆုံး ASV (Viper) BPI (၈) လုံးပေးမည်။
- မြွေဆိပ်အပြင်းအထန် ပျံ့နှံ့နေပါက ASV (Viper) BPI(၁၆)လုံးပေးပါ။
- မြွေဆိပ်ဖြေဆေးလမ်းညွှန်ကိုကြည့်ပါ။
- လူနာရှော့ခ်ရလျှင် ကုသပါ။

### မြွေဟောက်





အာရုံကြောအားနည်းလာခြင်းလက္ခဏာများ
ဥပမာ–မျက်ခွံလေး စကားမပြောနိုင်ခြင်း

- မရှိ → (အောက်ဆုံးအကွက်သို့)
- ရှိ ↓

RHC တွင် ကုသမှုစတင်မည်
- မြွေဟောက်မြွေဆိပ်ဖြေဆေးပေးမည်။
- ASV (Cobra) BPI (၄)လုံးပေးမည်။
- မြွေဆိပ်ဖြေဆေးလမ်းညွှန်ကိုကြည့်ပါ။

↓

ပြွန်ထည့်ပြီး အသက်ရှူစက်နှင့်ထား၍ ကုသရန် လိုအပ်နိုင်သောကြောင့် မြွေဆိပ်ဖြေဆေးထိုးပြီးလျှင် သက်ဆိုင်ရာမြို့နယ်၊ပြည်နယ်/တိုင်းဒေသကြီးဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ရမည်။ ပို့ဆောင်စဉ်တွင် လိုအပ်လျှင် အသက်ရှူအထောက်အကူပြုနိုင်သည့်ရှေးဦးသူနာပြုစုနည်းကိုအသုံးပြုရမည်။

### ငန်းတော်ကြား



ငန်းတော်ကြား မြွေဆိပ်ဖြေဆေးမရှိသေးပါ။ ပြွန်ထည့်ပြီး အသက်ရှူစက်နှင့်ထား၍ ကုသရန် လိုအပ်နိုင်သောကြောင့် သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးဆေးရုံသို့ ပို့ဆောင်ရမည်။ ပို့ဆောင်စဉ်တွင် လိုအပ်လျှင် အသက်ရှူအထောက်အကူပြုနိုင်သည့် ရှေးဦးသူနာပြုစုနည်းကို အသုံးပြုရမည်။

### မြွေစိမ်းမြီးခြောက်



- မြွေစိမ်းမြီးခြောက် မြွေဆိပ်ဖြေဆေးမရှိသေးပါ။
- 20 WBCT တွင်သွေးမခဲဘဲဖြစ်နေနိုင်သည်
- လူနာကိုအနီးကပ်စောင့်ရှောက်ရန် လိုအပ်သောကြောင့် နီးစပ်ရာဆေးရုံသို့ လွှဲပြောင်းပေးပါ။

## မြွေမပါလာပါ။ မြွေအမျိုးအစားခွဲခြား၍မရပါ။

↓

အာရုံကြောအားနည်းလာခြင်း

### ရှိ

RHC တွင် ကုသမှုစတင်မည်
- မြွေဟောက်မြွေဆိပ်ဖြေဆေးပေးမည်။
- ASV (Cobra) BPI (၄)လုံးပေးမည်။
- မြွေဆိပ်ဖြေဆေးလမ်းညွှန်ကိုကြည့်ပါ။

↓

ပြွန်ထည့်ပြီး အသက်ရှူစက်နှင့်ထား၍ ကုသရန် လိုအပ်နိုင်သောကြောင့် မြွေဆိပ်ဖြေဆေးထိုးပြီးလျှင် သက်ဆိုင်ရာမြို့နယ်၊ပြည်နယ်/တိုင်းဒေသကြီးဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ရမည်။ ပို့ဆောင်စဉ်တွင် လိုအပ်လျှင် အသက်ရှူအထောက်အကူပြုနိုင်သည့် ရှေးဦးသူနာပြုစုနည်းကို အသုံးပြုရမည်။

### မရှိ

အာရုံကြောအားနည်းသည့်လက္ခဏာများကို ဆက်လက်၍ စောင့်ကြပ်ကြည့်ရှုရန်လိုအပ်ပါသည်။

- 20 WBCT သွေးခဲ/မခဲ စစ်ပါ။
- အောက်ပါအဆိပ်ပျံ့လက္ခဏာများကိုကြည့်ပါ။
  ၁။ ရုတ်တရက် သတိလစ်ခြင်း
  ၂။ ဆီးနည်းခြင်း/ဆီးမသွားခြင်း
  ၃။ အကိုက်ခံရသည့် နေရာရောင်ရမ်းခြင်း
  ၄။ ချိုင်းကြား၊ ပေါင်ကြားတွင် အကျိတ်ထွက်ခြင်း

- သွေးခဲသည်။ အဆိပ်ပျံ့လက္ခဏာမရှိပါ။ → (အောက်ဆုံးအကွက်သို့)
- သွေးခဲသော်လည်း အဆိပ်ပျံ့လက္ခဏာရှိသည်။
- သွေးမခဲပါ။ (အဆိပ်ပျံ့လက္ခဏာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ)

RHC တွင် ကုသမှုစတင်မည်
- မြွေပွေးမြွေဆိပ်ဖြေဆေးပေးမည်။
- အနည်းဆုံး ASV (Viper) BPI (၈) လုံးပေးမည်။
- မြွေဆိပ်အပြင်းအထန် ပျံ့နှံ့နေပါက ASV (Viper) BPI(၁၆)လုံးပေးပါ။
- မြွေဆိပ်ဖြေဆေးလမ်းညွှန်ကိုကြည့်ပါ။
- လူနာရှော့ခ်ရလျှင် ကုသပါ။

↓

လူနာ၏အရေးပေါ်အခြေအနေကို စိတ်ချရအောင်ပြုစုကုသပြီး အနီးဆုံးမြို့နယ်/တိုက်နယ်ပြည်သူ့ဆေးရုံသို့ အမြန်ပို့ဆောင်ပါ။ မပို့ဆောင်မီ စိုးရိမ်ဖွယ်အခြေအနေကြုံလာပါက နီးစပ်ရာဆေးရုံသို့ ဆက်သွယ်ပြီး ညွှန်ကြားမှုတောင်းခံပါ။